# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [၂၅-၆-၂၀၁၃] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးနှင့် သတ္တမပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း -

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၃-၃-၂၀၁၃ မှ ၃၀-၃-၂၀၁၃ ရက်နေ့အထိ နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

( ခ ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၁-၄-၂၀၁၃ မှ ၂၆-၄-၂၀၁၃ ရက်နေ့အထိ ကိုရီးယားနိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

( ဂ ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၈–၆–၂၀၁၃ မှ ၁၈–၆–၂၀၁၃ ရက်နေ့အထိ အမေရိကန်နိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

( ဃ) အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦး နှင့် ဦးစိုင်းမြင့်အေး ပါဝင်သော အဖွဲ့၏ ၂၅–၃–၂၀၁၃ မှ ၂၆–၃–၂၀၁၃ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့သို့ **Post-2015 development Agenda** အစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

( င ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်တိုး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေ၊ ဦးညီညီမြင့် ပါဝင်သော အဖွဲ့၏ ၂၁–၄–၂၀၁၃ မှ ၂၆–၄–၂၀၁၃ ရက်နေ့အထိ ဗြိတိန်နိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

( စ ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသူရိန်ဇော် ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ပါဝင်သော အဖွဲ့၏ ၂၀–၄–၂၀၁၃ မှ ၂၆–၄–၂၀၁၃ ရက်နေ့အထိ ကနေဒါနိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

( ဆ ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦး ပါဝင်သော အဖွဲ့၏ ၁–၅–၂၀၁၃ မှ ၁၀–၅–၂၀၁၃ ရက်နေ့အထိ ဗြိတိန်နိုင်ငံသို့ ပညာရေးမြှင့်တင်မှုနှင့် ကျန်းမာရေးမြှင့်တင်မှု ဆိုင်ရာ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

( ဇ ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဆန်း ပါဝင်သော အဖွဲ့၏ ၁၂–၅–၂၀၁၃ မှ ၁၃–၅–၂၀၁၃ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံသို့ **5th AIPA Caucus** အစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဈ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ပါဝင်သော အဖွဲ့၏ ၁၂–၅–၂၀၁၃ မှ ၁၆–၅–၂၀၁၃ ရက်နေ့အထိ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသို့ ဒသမအကြိမ်မြောက်(AIPA) မူးယစ်ဆေးဝါး အန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာကော်မတီ အစည်းအဝေး တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

(ည) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ခေါင်းဆောင်သော အဖွဲ့၏ ၁၉–၅–၂၀၁၃ မှ ၂၃–၅–၂၀၁၃ ရက်နေ့အထိ စင်ကာပူနိုင်ငံ ပါလီမန်သို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဋ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညဏ်လင်း ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဟန် ပါဝင်သောအဖွဲ့၏ ၁၉–၅–၂၀၁၃ မှ ၂၆–၅–၂၀၁၃ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် စပ်လျဉ်းသည့် လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဌ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ခေါင်းဆောင်သော အဖွဲ့၏ ၂၈–၅–၂၀၁၃ မှ ၃–၆–၂၀၁၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဍ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘရှိန် ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ပါဝင်သော အဖွဲ့၏ ၁–၆–၂၀၁၃ မှ ၈–၆–၂၀၁၃ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဎ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသန်း ပါဝင်သော အဖွဲ့၏ ၁၀–၆–၂၀၁၃ မှ ၁၂–၆–၂၀၁၃ ရက်နေ့အထိ စင်ကာပူနိုင်ငံသို့ အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

(ဏ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဦး ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ပါဝင်သော အဖွဲ့၏ ၁၆–၆–၂၀၁၃ မှ ၂၂–၆–၂၀၁၃ ရက်နေ့အထိ ဘယ်လ်ဂျီယန်နိုင်ငံသို့ **Fact Finding Mission** သို့ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

(တ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာ ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ပါဝင်သော အဖွဲ့၏ ၁၆–၆–၂၀၁၃ မှ ၁၉–၆–၂၀၁၃ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ **Striving for best practices from AIPA and ASEAN Resolutions to National Law** အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်။

၈။ ကော်မရှင်အဖွဲ့ဝင် ထပ်မံဖြည့်စွက် တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၉။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **ဟဲဇင်းကျေးလက်အမာခံကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **ရစ်ကန်ကြီး–ပင်ကလောင်–သုံးခွမြေသားလမ်းပြုပြင်ပေးပါက ဂဝံလမ်းအဖြစ် ခင်းပေးရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **နိုင်ငံတော်မှ ချပေးသည့် ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသော ကုမ္ပဏီများက ဆောင်ရွက်သော လုပ်ငန်းများနှင့် ပတ်သက်ပြီး မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်သည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **စိုက်ပျိုးရေ အပြည့်အဝ ပေးနိုင်ခြင်းမရှိသော လျှပ်စစ်မြစ်ရေတင် စီမံကိန်းများရှိပါသလား၊ ရှိပါက မည်ကဲ့သို့ ဆက်လက်ပြုပြင် ဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **လယ်ယာမြေများတွင် အမှန်တကယ်လိုအပ်၍ သုံးစွဲရန်နှင့် သုံးစွဲလျက်ရှိသော မြေများအား အသုံးပြုရန်(လန–၃၉) လျှောက်ထားရရှိနိုင်မှု** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **ဧရပ်ခင်အုပ်စု အတွင်းသို့ စီးဆင်းလာသော အိုင်တုံချောင်းနှင့် တုန်ကန်ချောင်းဆုံ အောက်ပိုင်းရှိ သဲသောင်များ၊ ကျွန်းများကို တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **မလှိုင်မြို့ သုတေသန စိုက်ပျိုးရေးခြံအား ဝါသုတေသနလုပ်ငန်းများ ဆက်လက် လုပ်ကိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ ခရီးသည်တင် မော်တော်ယာဉ်များအား ညပိုင်းတွင် မှောင်ရိပ်ခိုကာ ခဲများဖြင့် ပစ်ပေါက်သည့် ဖြစ်စဉ်များ မကြာခဏ ကြုံတွေ့နေရသဖြင့် လုံခြုံရေးအတွက် သက်ဆိုင်ရာက မည်သို့ဆောင်ရွက်ပေးမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခြေခံဥပဒေပုဒ်မ ၃၆၄ အရ ဥပဒေမူကြမ်းရေးဆွဲ၍ အတည်ပြု ပြဋ္ဌာန်းနိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ **ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရဲတပ်ဖွဲ့ဝင်များ ရာထူးတိုးမြှင့် ခန့်ထားနိုင်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၁၀။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက **" တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၁။ **" တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၂။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၃။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသော **" မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။